

လုံးချင်းဝတ္ထုသစ်
နှင်းသီရိကျက်သရေ
ရေဝဲပန်းညှင်း
ပန်းချီ သိန်းရွှေကြည်
2008

# အခန်း (၁)

ဆိုစကားရယ်နဲ့
နှုတ်ဖျားမှာ သကာလူး
မာယာဖူးတွေကို ပွင့်စေသူ
အနုအရှုစကားတွေကြား
သမုဒယရောက်လေတော့
မာယာကို အမှန်ထင်
ရင်ခွင်မှာ ပုလ္လင်ရောက်
အသည်းပုလ္လင်မှာ
ချစ်ဘုရင်နန်းတင်လိုက်မယ်လို့
ရင်ခွင်တွင်းကြွေးကြော်
ပျော်စရာအတွေးနဲ့
မျှော်ကာတွေးပျော် ...။
ရင်တွင်းကြည်နူးမဆုံးခင်
မာယာရှင်မျက်နှာဖုံး

ဝုန်းခနဲကွာကျ

ဖုံးမရ မီးကျည်အချစ်

သုံးမရဖြစ်လေတော့

အသည်းရင်ခွင် ရေခဲပုလ္လင် ...။

လင်းတစ်လှည့်မှိန်တလှည့် လှပစွာ လက်ဖြာနေသော မီးရောင်စုံများနဲ့အတူ အနောက်တိုင်းတေးဂီတသံဆူပွက်မှုကို သီးခြားအလွှာတစ်ခု၏ သရုပ်ကို ပီပြင်စွာဖော်ဆောင်နေ ၏ ။

မွေးနေ့တခုကို အကြောင်းပြုပြီး အနောက်တိုင်း ယဉ်ကျေးမှုကို ပုံတူကူးချထားသော ရှန်ဒီကဲ့သို့ ချိုသလိုနဲ့ မူးအီသွားတတ်သောအရသာကို မနှစ်သက်သော်လည်း အချစ်ဆုံးသူငယ်ချင်းဖြစ်သူ ညို့မာန်ပြင်းက အတင်းခေါ်လာခဲ့၍ သာ ဒီနေရာမျိုးကို နိုင်သူရောက်လာခဲ့ရသည်။

အပြင်းစားတေးဂီတများ ကျယ်လောင်စွာရယ်မောသံများ မွေးနေ့ပွဲလာသူတို့ ဝတ်ဆင်လာကြသော ဝတ်စုံများနဲ့ မွေးနေ့ပွဲတွင် တည်ခင်းဧည့်ခံထားသော စားသောက်ဖွယ်ရာများကြားတွင် မြန်မာမှုတို့ပျောက်ဆုံးနေ၏ ။

သက်ပြင်းမောတခုကို နိုင်သူ တိုးတိတ်စွာရှိုက်ထုတ်လိုက်ရင်း စီးကရက်တစ်လိပ်ကို လှမ်းယူလိုက်ရင်း စီးကရက်ကြိုက်သော ညို့မာန်ပြင်းကို လှမ်းပေးလိုက်သည်။

"ရော့ မာန်ပြင်း"

"သင့်စ် ကိုနိုင်"

နိုင်သူကမ်းပေးသော စီးကရက်ကို လှမ်းယူလိုက်ပြီး နီရဲသော နှုတ်ခမ်းနှစ်လွှာကြားတွင် အသာတေ့လိုက်သည်နဲ့ မီးလေးတပွင့်

လင်းလက်သွားသည်။

"အဟင်း... လိုအပ်မယ်ထင်လို့ ကူညီလိုက်တာလေ"

အသံရှင်မှာ လည်သာအကျႌလက်ပြတ်နှင့် လည်သာစကတ်တို အနက်ရောင်တို့ကို ဝတ်ဆင်ထားပြီး ထူထဲမြင့်မားသော အနက်ရောင် ဖိနပ်ထူကြီးကိုဆင်မြန်းထားသော အလွန်ကြည့်ကောင်းသည့် ခေတ်၏ မိန်းမပျိုတစ်ဦး။

မိန်းကလေး ညို့မာန်ပြင်း တစ်ချက်စိုက်ကြည့်ပြီး သူမခြစ်ပေးသော မီးခြစ်တွင် သူ့စီးကရက်အား မီးညှိပေးလိုက်သည်။

မီးစွဲသွားသည်နှင့် စီးကရက်အား လက်ညှိုးနှင့် လက်ခလယ်ကြားတွင်ညှပ်ရင်း မီးခိုးငွေ့များကို မိန်းကလေး၏ မျက်နှာပေါ်သို့ ညင်သာစွာ မှုတ်ထုတ်လိုက်သည်။

ကျီစယ်သလိုဖြစ်သွားသော သူ့အပြုအမူကြောင့် မိန်းကလေးထံမှ သဘောကျစွာ ရယ်လိုက်သော အသံလေးထွက်လာသည်။

"ကျေးဇူးပဲ လည်သာ"

မိန်းကလေးကို ပြုံးစစကြည့်ရင်း ညို့မာန်ပြင်းပြော၏ ။

"တို့နာမည် ဓာလီမင်း"

"ဓာလီမင်းဆိုလည်း ဓာလီမင်းပေါ့ ... တို့က ဓာလီ့ကို လည်သာဂမ်းဆက်ဝတ်ထားလို့ ဓာလီ့ကို လည်သာလို့ပဲထင်ပြီး လည်သာလို့ခေါ်မိတာပေါ့ ... အင်း တကယ်လို့များ ခွင့်ပြုမယ်ဆိုရင် ဓာလီလို့ပဲခေါ်ချင်တယ် ... ရမလား"

အပြုံးချိုးချိုနဲ့အတူ စူးရှရှအကြည့်များက ဓာလီမင်း၏ ရင်ကို အခုန်မြန်စေ၏ ။

"ရတာ ပေါ့ ... ဒါနဲ့ယူ့နာမည်လည်း ပြောဦးလေ"

ကိုယ့်နာမည်လား

ဇာလီမင်း ခေါင်းညိတ်ပြသည်။

"ညို့မာန်ပြင်းတဲ့"

"အင် ... ညို့မာန်ပြင်း ... ဟုတ်လား ... အားပါး ... လူနဲ့နာမည် လုံးဝလိုက်တယ်ကွာ ... ယူ့ကိုလေ ညို့မာန်လို့ပဲခေါ်ချင်တယ် ရမလားဟင်"

"အာ ...ဇာလီခေါ်မယ်ဆို သိပ်ရတာ ပေါ့ ... ခေါ်လေဗျာ"

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း အကြောင်းမဲ့ရယ်မောနေကြသော ညို့မာန်ပြင်းနဲ့ဇာလီမင်းတို့ကိုကြည့်ရင်း နိုင်သူစိတ်တွေ ရှုပ်နေ၏ ။

"ယူဟာလေ ... စကားပြောသိပ်ကောင်းတာပဲ ... ဆွဲဆောင်မှုလည်း အရမ်းရှိတယ်သိလား"

မိန်းမတယောက်ထံမှ သူစိမ်းယောကျ်ားတစ်ယောက်ကို ပြောလိုက်သော စကားလုံးများကို နိုင်သူရင်တွင်းမှ နှာခေါင်းရှုံ့နေမိသည်။

"ဟုတ်လား ... ကိုယ်ကလည်း တခြားမိန်းမတွေလို အိုက်တင်မများပဲ ရင်ထဲအရှိအတိုင်း ပြောတတ်တဲ့ဇာလီ့ကို သဘောကျသွားပြီ သိရဲ့လား ... ကိုယ်က မိန်းကလေးဆိုရင် ရင်ထဲရှိတာ အမှန်အတိုင်းပြောတတ်တဲ့ ဇာလီ့ကို ပွင့်လင်းတဲ့ မိန်းကလေးမျိုးမှ ကြိုက်တာ"

ညို့မာန်ပြင်းနဲ့ ဇာလီမင်းတို့စကားကို နားထောင်ရင်း နိုင်သူ မျက်လုံးပြူးနေမိသည်။"တယ်ဟုတ်တဲ့ မာန်ပြင်းပါလား" ဟုလည်းတွေးလိုက်မိသည်။

"ဒါနဲ့ ညို့မာန်က ကိုတာ့သူငယ်ချင်းလားဟင်"

"ဟုတ်တယ် ... ဇာလီကကော ကိုတာ့သူငယ်ချင်းပဲလား"

"ဟင့်အင်း"

"ဟင် ... ဒါဆို .. ကိုတာ့ရဲ့ ဂဲဖရန့်လား"

အလန့်တကြားပုံစံဖြင့်မေးလာသော ညှို့မာန်ပြင်းကို ကြည့်ရင်း ဇာလီမင်း သဘာကျစွာ ရယ်လိုက်သည်။

"ဖြေလေ ... ဘာရယ်နေတာလဲ ... ဒီမှာရင်ပူလို့သေတော့မယ်"

နိုင်သူကတော့ ညှို့မာန်ပြင်းအကြောင်း သိပြီးသားမို့ တမင်အမူရာပိုနေသော ရုပ်ကြီးကိုကြည့်ရင်း ရင်ထဲကြိတ်ရယ်မိလိုက်သည်။

"ဖြေလေ ... ဇာလီက ကိုတာရဲ့ ..."

"အာ မဟုတ်ဘူး... ဇာလီက ကိုတာ့ရဲ့ညီမတစ်ဝမ်းကွဲ ... ကိုတာ့အမေရဲ့ ညီမအရင်းက မွေးတာ"

ကိုတာဆိုသည်မှာ ညှို့မာန်ပြင်း၏ ယခုမွေးနေ့လုပ်နေသော သူငယ်ချင်း။

"အမလေး ... အခုမှပဲ ရင်ထဲအပူကြီး ကျသွားတော့တယ်"

သူတို့နှစ်ဦးကြားတွင် နိုင်သူစိတ်ညစ်နေသည်။

ညှို့မာန်ပြင်းမှာ ရုပ်ရည်ချောမောသလို ပေါင်းသင်းဆက်ဆံရေးလည်းကောင်းတာမို့ သူ့တွင် မိတ်ဆွေအလွန်ပေါ၏ ။

ဖြူဝင်းစိုပြေသော အသားအရည်၊ မြင့်မားတောင့်တင်းသော ကိုယ်နေဟန်ထား၊ နက်မှောင်စင်းဖြောင့်သော ဆံကေသာ၊ ထူထဲသော မျက်ခုံး၊ ဖြောင့်စင်းသောနှာတံ၊ ညှို့အားကောင်းသော မျက်ဝန်း၊ နီရဲပုံကျသော နှုတ်ခမ်းတို့ဖြင့် ဖွဲ့စည်းထားသောရုပ်ရည်မှာ မိန်းမကြိုက်ရုပ်ရည် စစ်စစ်ပင်။

သူကမစရဘဲ မိန်းကလေးဘက်မှ လာစတာတွေ ပိုများ၏။ ခုလည်း ဇာလီမင်းလာစနေ၍ ပြန်ရောနေပြန်၏။

သူနဲ့ကင်းကွာလှသော စရိုက်တောထဲတွင် နိုင်သူ ဆက်မနေချင်တော့၍ ညို့မာန်ပြင်းအား ပြန်ကြရအောင်ဟု ပြောကာနီးတွင်

"လာ ညို့မာန် ... ဇာလီနဲ့ သွားကရအောင်"

ဟုပြောပြီး လက်ဆွဲခေါ်သွားတာမို့ နိုင်သူမှာ မျက်နှာကြီး ရှုံ့မဲ့ပြီး စားပွဲဝိုင်းတွင် ခပ်ငူငူကြီး ကျန်ခဲ့တော့သည်။

****

## အခန်း (၂)

ဖြာကျနေသော နေရောင်အောက်တွင် ရဲရင့်ဖျတ်လတ်စွာ သိုင်းလေ့ကျင့်နေသော မိန်းမပျိုလေး၏ ဟန်ပန်မှာ နတ်စည်သည်မလေးအလား ကြည့်လို့ကောင်းသည်။

ခြေအရွှေ့၊ ခေါင်းအငုံ့၊ လက်အယူ ၊ ကိုယ်အကိုင်းတို့မှာ စနစ်ကျပြီး ပေါ့ပါးလွန်းနေသည်။

ဝါဖန့်ဖန့်အသားရည်မှာ နေရောင်၏ ထိတွေ့မှုကြောင့် တောက်ပြောင်နေသည်။

မျက်နှာကျမှာ သာမာန်မိန်းကလေးများနဲ့မတူ ထူးခြားလှပနေ၏ ။ မျက်ခုံးမွေးနှစ်ခုမှာလည်း ခေတ်သမီးပျိုတို့ မျက်ခုံးမွေးကဲ့သို့ ပါးလျ သေးကွေးမနေဘဲ အရင်းတုတ်တုတ် အဖျားရှူးသွယ်သွယ်ရှိပြီး ထူထဲနက်မှောင်စွာ လှပနေ၏ ။

အပြစ်ဆိုစရာမရှိသောနှာတံ၊ သာမန်မျက်တောင်မျိုးသာ ဝန်းရံထားသော မျက်ဝန်းမှာ တောက်ပဝိုင်းစက်နေ၏ ။

နှုတ်ခမ်းနှစ်မွှာမှာ ထူတွဲတွဲဖြစ်နေသော်လည်း နီရဲနေသောကြောင့် ရုပ်မဆိုးပဲ ကြည့်လှသည်။

မနိမ့်မမြင့်သောအရပ်၊ အချိုးကျလှပသောခန္ဓာတို့ကြောင့် အလွန်လှနေသော်လည်း တည်လွန်းသော မျက်နှာထားက သူမလှပမှုကို ဖျက်နေသလိုထင်ရသည်။

မျက်ခုံးနှစ်ဖက်ကို တွန့်ချိုး၊ နှုတ်ခမ်းနှစ်မွှာကို တင်းအောင်စေ့ပိတ်ထားသည်။

အဖြူရောင်သိုင်းဝတ်စုံကို ဝတ်ဆင်ထားပြီး ပခုံးထက်ကျနေသော ဆံပင်တို့ကို စုချည်ထားပြီး နဖူးပေါ်သို့ ဆံစများ ထပ်မံမကျစေရန် အဖြူရောင်ပဝါစလေးတစ်စကိုပါ နဖူးတွင် ရစ်ပတ်ထားတာမို့ ပဝါစမှာ လေတွင်တလွင့်လွင့်ကြည့်ကောင်းနေ၏ ။

ထိုမိန်းမပျို၏ မျက်နှာမှာ ထူးခြားစွာတင်းမာနေသလို သူမ၏ အမည်နာမကလည်း လွန်စွာထူးခြားနေ၏ ။

နာမည်က "သမီးလှချော"တဲ့

သူမနာမည်ကို ကြားရသူတိုင်းက ဟ .. နာမည်ကြီးက ဘယ်လိုကြီးပါလိမ့်။ ပေးစရာရှားလို့ဟု တွေးထင်ကောင်းထင်ကြပေမယ့် သူမနာမည်လေးကိုတော့ လူတိုင်း နှစ်သက်ကြသည်။

ရင်းနှီးသောသူများနှင့် အိမ်သားတွေကတော့ သူအား သမီး၊ သမီးလှ၊ သမီးချော ဟုချစ်စနိုးခေါ်ကြသည်။

သမီးလှချော၏ အထက်တွင်ရှိသော ခင်လှယမင်းနှင်း ဆွေလှဇင်ဟူသည့် အစ်မနှစ်ယောက်မှာလည်း သူ့ပုံစံနဲ့သူ ချောလှကြသည်။

"တီတီ ... သမီး တီတီ .. သမီး"

အစ်မကြီး ခင်လှယမင်း၏ သမီးငယ်ကလေး စနိုးပိုက်လှယမင်း၏ မပီကလာပီကလာအသံ လေးကြောင့် သမီးလှချော သိုင်းကစားနေရင်းမှ မေးလိုက်သည်။

"ဘာလဲ ... စနိုးပိုက်လေးရဲ့"

စနိုးပိုက်ကိုတွေ့မှပဲ သူမ၏ တင်းနေသော မျက်နှာမှာ

ပျော့ပျောင်းသွားပြီး အပြုံးပွင့်ကို ပေါ်ထွန်းလာရသည်။

"တီတီ ကစားနေတာ မပြီးသေးဘူးလားလို့"

စနိုးပိုက်က အသင့်ချထားသော ကြိမ်ထိုင်ခုံပုလေးတွင် တက်ထိုင်ရင်း မေးလာသည်။

ဒီကလေးမလာလျှင် စကားအလွန်များပြီး အမေးအမြန်းကလည်း ထူလွန်းလှသည်။ တခါတလေ ခေါင်းစားစရာမေးခွန်းများကိုလည်း မေးတတ်သေးသည်။

"တီတီ ... ဖြေဆို"

"ပြီးတော့မှာပါ စနိုးပိုက်ရဲ့ ... စနိုးပိုက်က ဘာလို့မေးနေတာလဲ"

"ဟီး ... မီးဖိုက်ဆာလို့ ... ကော်ကော်သောက်ချင်လို့ .... အဲ့ဒါတီတီ ဖျော်ပေးတာ သောက်ချင်လို့"

"အမလေး စနိုးပိုက်ရယ် ... ကော်ဖီသောက်ချင်ရင်လည်း မေမေ့ကို ဖျော်ခိုင်းပေါ့"

"ဟင့်အင်း ... မီက တီတီဖျော်မှကြိုက်တာ"

"အညာမလေး ... ငါ့ညီမကို ဘာကပ်ချွဲညာချွဲ လုပ်နေတာလဲ"

အသံနဲ့အတူ သမီးလှချော၏ အစ်ကိုတစ်ဝမ်းကွဲဖြစ်သူ နိုင်သူရောက်လာသည်။

သမီးလှချော ကစားခြင်းကို ရပ်ပစ်လိုက်ပြီး နိုင်သူတို့အနား လျှောက်လာ၏ ။

"ကိုကိုနိုင့်တူမက ဗိုက်ဆာလို့တဲ့ ... ကော်ဖီကို သမီးဖျော်တာမှ ကြိုက်သတဲ့"

သမီးလှချောစကားကြောင့် နိုင်သူရယ်ရင်း စနိုးပှိုက်ခေါင်းကို ချစ်စနိုးပုတ်လိုက်သည်။

"မိညာမိချွဲမလေး"

စနိုးပှိုက်ကိုပြောရင်း သမီးလှချောကို နိုင်သူကြည့်လိုက်သည်။

"သမီး ... မောနေပြီလား"

သမီးလှချော ခေါင်းခါပြ၏ ။

"မမောရင် ငါ့ကိုတစ်ခုခုကျွေး"

"ဦးနိုင် ... အလှည့်မကျော်နဲ့နော် ... တီတီသမီးက သမီးအတွက် ကော်ကော်ဖျော်ပေးပြီးမှ ဦးနိုင်ကို မုန့်ကျွေး ... နော်လို့"

သမီးလှချော၏ လက်ကို လှုပ်ကိုင်ခါရမ်းရင်း စနိုးပှိုက်ချွဲနွဲ့စွာပြောနေ၏ ။

"အေးပါကွယ် .. အေးပါ .. ကဲ ကဲ .. စနိုးပှိုက်ရော ကိုကိုနိုင်ပါ အိမ်ထဲလာကြ"

သမီးလှချော ဦးဆောင်ပြီး အိမ်ထဲဝင်သွားကြသည်။

အားကစား ဝတ်စုံဖြူကို အိမ်နေရင်းအင်္ကျီဖြင့် လဲလှယ်ဝတ်ဆင်လိုက်ပြီး နဖူးပေါ်မှ ပဝါကိုလည်း ဖြုတ်လိုက်ပြီး ဆံပင်ကိုလည်း ဖြေချလိုက်သည်။

ခေါင်းတချက်နှစ်ချက်ဖြီးပြီးသည်နှင့် စနိုးပှိုက်အတွက် ကော်ဖီဖျော်ပေးလိုက်သည်။

"ဒီတူဂရီးတွေ မီဖိုခန်းထဲ ဘာလုပ်နေကြတာလဲ ... အံမယ် ကော်ဖီသောက်နေ ကြတာပေ့ါလေ"

အသံနဲ့အတူ စနိုးပှိုက်၏ မိခင် အစ်မကြီး ခင်လှယမင်း ဝင်လာသည်။

"မကြီးသမီးက အလည်မ ... သမီးကစားနေတာကို အနားလာပြီး ကော်ဖီသောက်မယ် ... သမီးဖျော်တာမှ သူကကြိုက်သတဲ့"

သမီးလှချောစကားကြောင့် ခင်လှယမင်း သဘောကျစွာရယ်လိုက်သည်။

"မကြီးရဲ့ စနိုးပိုက်က အဒေါ်တွေ ဦးလေးတွေကို သိပ်ပေါင်းတတ်တာပဲ"

သမီးလှချော ကြော်နေသော ငါးမုန့်များကို ဝိုင်းဆယ်ပေးရင်း နိုင်သူပြော၏။

"နိုင်သူ ... နင်ရောက်နေတာ ကြာပြီလား"

"မကြာသေးဘူး ... ဒါနဲ့ ရာဇာ နဲ့မဆွေတို့ရော မတွေ့ပါလား"

"ရာဇာက ရေခဲမုန့်စားချင်တယ်ဆိုလို့ သွားဝယ်ကျွေးနေတယ် ... ဒါနဲ့နင်အေးဆေး ပဲလား"

"ဟုတ်ကဲ့ မကြီး ... ဖေဖေနဲ့မေမေ အိမ်မှာရှိတယ်လေ .. ဒါကြောင့် အေးဆေး နေပြီးမှပြန်မှာ ... ပြန်ရင် မကြီး လိုက်ခဲ့ပါလား ... စနိုးပိုက်နဲ့ရာဇာ့ကို ဖေဖေနဲ့မေမေ တွေ့ချင်နေတယ် ... သူတို့ပါခေါ်သွားမယ်"

"အေး အေး"

နိုင်သူ့ကိုပြောပြီးသည်နဲ့ ခင်လှယမင်း ထွက်သွားသည်။

စနိုးပိုက်သည်လည်း သူဝေစုရထားသော ငါးမုန့်ကြော်နဲ့ကော်ဖီခွက်ကိုမရင်း သူ့အမေ နောက် လိုက်သွားသည်။

"ကိုကိုနိုင်လည်း ခုတလော အိမ်မကပ်ဘူးနော်"

ကြော်ပြီးသာ ငါးမုန့်များကို စားပွဲပေါ်ချရင်း သမီးလှချော မေးလာသည်။

"အာ ... ဒီလောက်လည်း မဟုတ်သေးပါဘူး သမီးလှရာ"

"မလိမ်နဲ့နော် ကိုကိုနိုင် ... သမီးကတိကျတဲ့ သတင်းရပ်ကွက်က ရထားတဲ့သတင်းနော်"

သမီးလှချောက ပြုံးစေ့စေ့မျက်နှာဖြင့်ပြောလာသည်။ ဒီလိုအပြုံးလေးနှင့်ကျတော့ သမီးလှချောမှာ အတော်ကြည့်ကောင်းနေ၏ ။ လွန်စွာလှနေ၏ ။

"သမီးလှကို မဆွေပြောတာမဟုတ်လား ... ကိုကိုနိုင်အပြင်ခဏထွက်တဲ့အချိန်နဲ့ မဆွေရောက်ရောက်လာတဲ့အချိန်နဲ့ တိုက်တိုက်သွားလို့ပါဟာ "

"အံမယ် ငါကပဲ မဟုတ်တာလိမ်ပြောထားတဲ့အတိုင်းပဲ"

အသံနှင့်အတူ ဆွေလှဇင်ဝင်လာသည်။ ငါးမုန့်ကြော်တခုကို ဝါးမျိုရင်း နိုင်သူနှင့် မျက်နှာချင်းဆိုင်ရှိ ထိုင်ခုံတွင် ထိုင်လိုက်သည်။

"ဟာ ... မဆွေ"

"ဟာ မဆွေလုပ်မနေနဲ့ ... နင့်ကိုမေးစရာရှိတယယ်"

"ဘာများလဲ"

"နင် လူရှုပ်တစ်ကောင်နဲ့ တွဲနေတယ်ဆို"

အတည်ပေါက်မေးလာသော ဆွေလှဇင်စကားကြောင့် နိုင်သူရုတ်တရက် ကြောင်သွား သည်။ သမီးလှချောမှာ အားလုံးသောက်ဖို့ ကော်ဖီများကို ခွက်ထဲထည့်ပြီး နိုင်သူနဲ့ဆွေလှဇင် ရှေ့သို့ ချပေးလိုက်ပြီး နိုင်သူ့ဘေးတွင် ဝင်ထိုင်လိုက်သည်။

"ဟဲ့ ငါမေးနေတာ ဖြေဦးလေ"

"အာမဆွေကလဲ ... ပေါက်တတ်ကရ ... ကျွန်တော့်သူငယ်ချင်းထဲမှာ လူရှုပ်မရှိပါဘူး"

သူ့စကားကြောင့် မဆွေရယ်သည်။

"ငါ့စကား မှားသွားတယ်ပဲ ထားပါတော့ ... လူရှုပ်မဟုတ်ဘူး ... လူပွေ"

"အဲ"

ညို့မာန်ပြင်းမျက်နှာကို ဖျတ်ခနဲ မြင်ယောင်သွားရသည်။

"ရှိတယ်မဟုတ်လား"

"ဟို"

နိုင်သူကြောင်အအ လုပ်နေ၏ ။

"မဆွေမေးနေတာ ဖြေလိုက်ဦးလေ ကိုကိုနိုင်ရဲ့"

သမီးလှချောက ငါးမုန့်ကြော်ကို တကျွတ်ကျွတ်ဝါးရင်း သူကိုယ်တိုင်ကပါ သိချင်နေတာမို့ နိုင်သူ့ကို ပြောခိုင်းနေသည်။

"မဆွေပြောသလို ရှုပ်ရှုပ်ပွေပွေကြီးရယ်တော့ မဟုတ်ပါဘူး မဆွေရာ ... သူက ဥစ္စာပေါရုပ်ချောဆိုတော့ မိန်းမတွေ ကိုယ်တိုင်ကိုက အတင်းလိုက်ရောနေတာ"

သမီးလှချော၏ နှုတ်ခမ်းလေးတွန့်ကွေးသွားရသည်။

"တောက် မိန်းမဈေးကျအောင် လုပ်တဲ့ဟာမတွေပဲ ... ဒါနဲ့ကိုကိုနိုင့်သူငယ်ချင်းက စကားထဲထည့်ပြောရလောက်အောင် ချောလှနေလို့လား"

သမီးလှချောအမေးကြောင့် နိုင်သူပြုံးမိ၏ ။ သမီးလှချောမှ ယောကျ်ားများကို အရေးမစိုက်၊ အထင်မကြီးတတ်။ သူ့ကိုတောင် အစ်ကိုဖြစ်နေ၍ သာ။ ငယ်စဉ်ကတည်းကပင် အတူတကွ လက်ပွန်းတတီးနေခဲ့၍ သာ ရင်းနှီးကျွမ်းဝင်စွာနေခြင်းပင်။

သူနဲ့ကျမှ မျက်နှာထားတည်တည်ကိုပြင်ကာ ပြုံးချိုစွာနေခြင်းပင်။

သမီးလှချော၏ မူပိုင်မျက်နှာထားမှာ တင်းမာသောအကြည့်တို့က အေးစက်စက်နိုင်လှ သည်။

"အဟာ ... သမီးက စိတ်ဝင်စားလို့မေးတာလား"

နိုင်သူတမင်စလိုက်ခြင်းပါ။

"သွားစမ်းပါ ... သမီးလှရဲ့စာမျက်နှာမှာ ယောကျ်ားတယောက်ကို သမီးလှဘက်ကစပြီး စိတ်ဝင်စားတယ် ဆိုတာ ဘယ်တော့မှ မရှိစေရဘူး"

အခုလိုပြောလိုက်သော သမီးလှ၏ မျက်နှာထားမှာ တည်တင်းနေသည်။ ဆွေလှဇင်ကတော့ သူမ၏ စကားကို ထောက်ခံသည့် သဘောဖြင့် ခေါင်းတညိတ်ညိတ် လုပ်နေသည်။

စကားကို ဆက်ပို့ပေးလိုက်ပါက မဆွေထံမှ ယောကျ်ားမုန်းဒိုင်ယာလော့ကို ကြားရတော့မည်။ နိုင်သူပေ့ါပါးစွာ ရယ်လိုက်သည်။

"သမီးလှကလဲကွာ ... ငါစတာသိရက်နဲ့ ပြန်ပြောလိုက်တဲ့ စကားသံနဲ့မျက်နှာကြီးက ရန်သူကို ပြောနေတဲ့အတိုင်းပဲ"

နိုင်သူ့စကားကြောင့် သမီးလှချော၏ မျက်နှာအနည်းငယ် ပြေလျော့သွား၏ ။

"ကဲ ... သမီးလှမေးထားတာကို ကိုကိုနိုင်ဖြေမယ် ... ညို့မာန်ပြင်းရဲ့ ရုပ်ရည်က မိန်းမတစ်ယောက် စိတ်ကူးယဉ်စရာကောင်းလောက်အောင်ကို ချောနေ၊ လှနေတာ"

"ဘုရားရေ"

ညီအစ်မနှစ်ယောက် ဘုရားတမိကြသည်။

"ဒီလောက်တောင်ပဲလား"

"ဒီ့ထက်တောင် ပိုလွန်းနေသေးတယ် ... ညို့အားကောင်းတဲ့ သူ့အကြည့်အောက်မှာ မိန်းမတွေညွတ်ဆင်းသွားရတာ .. သူကမစရသေးဘူး ... မိန်းမတွေကိုက သူ့ကိုအတင်း လာရောကြတာ"

ညီအမနှစ်ယောက်မျက်နှာများ ရှုံ့မဲ့သွားကြသည်။

"ငါးခုံးမတစ်ကောင်ကြောင့် တလှေလုံးပုပ်ပါပြီ ... ဒါနဲ့အဲ့ကောင်က မိန်းမတွေရောတိုင်း ပြန်ရောတာပဲလား"

"ရောတာပေ့ါ ... ဟိုကတစ်ခွန်းစလိုက်နဲ့သူကရောလိုက်တာ ... ဟိုမိန်းကလေးက ကြွေပြီးရင်းကြွေ ဖြစ်သွားတော့တာပဲ"

"ယောကျ်ားတွကို ဒါကြောင့် အထင်မကြီးတာပဲ ... အခြေအနေပေးပြီဆိုတာနဲ့ အခွင့်အရေးကို လက်လွှတ်မခံတတ်ကြဘူး ... သူတို့ဆီက ကောင်းတယ်ဆိုတာကြားရတာ အလွန်နည်းတယ်"

သမီးလှချော ဗျစ်တောက်ဗျစ်တောက် ပြောနေ၏။

"သမီးရယ် ... ဒီလိုတော့ သိမ်းကြုံးပြီးတော့ မပြောလိုက်ပါနဲ့ ... နင့်အစ်ကိုဖြစ်တဲ့ ငါကကော မကောင်းတာလုပ်ဖူးလို့လား"

"မလုပ်ဖူးလို့ အစ်ကိုအဖြစ်က ဆက်လက်ထားရှိတာပေ့ါ ... မိန်းကလေးတစ်ယောက်ကို ကြိုက်ချင်ယောင်ဆောင်ပြီး ထားခဲ့လို့ကတော့ အကိုအဖြစ်က စွန့်လွှတ်မှာ"

"ငါကလည်း မောင်အဖြစ်က စွန့်လွှတ်ဦးမှာ"

"ဘုရား ... ဘုရား ... ကြောက်နေရပါလားနော် ... ဒါတောင် ဘာမှမလုပ်ရသေးပဲ အကြိမ်းခံနေရတာ ... တစ်ခုခုများလုပ်မိရင် ဘယ်လိုနေမလဲ မသိဘူး"

ခေါင်းကို တဖျင်းဖျင်းကုတ်ရင်း နိုင်သူပြော၏။

"သိချင်ရင် လုပ်ကြည့်လိုက်လေ"

ခေါင်းကိုခပ်မော့မော့ထားပြီး သွားစေ့ထားရင်း ကြိမ်းသံပါသောအသံဖြင့် သမီးလှချောပြော၏။

"အမလေးဗျာ ... မလုပ်ရဲပါဘူး ... ငါ့စိတ်ကိုလည်း နင်တို့သိသားပဲ ... ငါ့ရောတဲ့မိန်းကလေးဆိုလို့ ငါ့အမေ၊ ငါ့အဒေါ် ငါ့ညီမအစ်မတွေနဲ့ တူမပဲရှိတာ"

"ဒါကြောင့်လည်း ကိုကိုနိုင့်ကို သမီးတို့လေးစားနေရတာ ပေါ့"

"နေစမ်းပါဦး ... နင့်စရိုက်ကအေးသလောက် သိပ်ပွေတဲ့သူနဲ့ နင်နဲ့က သူငယ်ချင်းဖြစ်နေပါလား"

ဆွေလှဇင်အမေးကြောင့် ကိုနိုင်ရယ်သည်။

"သူနဲ့ကျွန်တော် တက္ကသိုလ် ဒုတိယနှစ်ကတည်းက ခင်ခဲ့ကြတာ ... သူကကျွန်တော့်ကို ညီအစ်ကိုရင်းလို သဘောထားတာ ... အပေါင်းအသင်းများပေမယ့် ကျွန်တော့်ကို သိပ်ခင်တာ ... အခုသူက ကျောင်းပြီးလို့စီးပွားရေးလုပ်ငန်းရှင်ဖြစ်နေပြီလေ ... ဥစ္စာပေါရုပ်ချောမို့ မိန်းမတွေက သူ့ကိုသိပ်ကြိုက်တာ"

နိုင်သူ့စကားကြောင့် သမီးလှချော မျက်နှာရှုံ့မဲ့သွားရသည်။

"မိန်းမတွေလို့ မပြောစမ်းပါနဲ့ ကိုကိုနိုင်ရာ ... အဲ့လိုမိန်းမတွေထဲမှာ သမီးလှမပါဘူး ... တွေ့တဲ့လာရောတဲ့မိန်းမတွေနဲ့ တရင်းတနှီးနေတတ်တဲ့သူဆိုရင် သမီးလှတို့က ပိုတောင်ရွံသေးတယ် ... ကိုယ်တိုင်ကကြိုက်မိသွားပါစေဦးတော့ ... ဒီလိုလူနဲ့လုံးဝလက်မတွဲစေရဘူး ... ကိုယ့်အချစ်စိတ်ကို ကိုယ့်ဘာသာဝါးစားပစ်လိုက်မယ် ... တချို့ယောကျာ်းတွေက များသောအားဖြင့် အကျင်းမကောင်းကြဘူး ... သူတို့စိတ်ထဲမှာ မိန်းမဆိုတဲ့ အမျိုးစားတွေကို

လျှော့တွက်တတ်ကြပြီ ... မိန်းမတွေရဲ့ အချစ်နဲ့သစ္စာကိုလည်း လေးစားတန်ဖိုးထားရမှန်း မသိတတ်ကြဘူး ... သံယောဇဉ်ဆိုတဲ့စကားကို မခိုင်ခံ့တဲ့အပ်ချည်မျှင်သေးသေးတပင်လိုပဲ သဘောထားကြတယ်"

သမီးလှချောစကားကို ဆွေလှဇင်ကလည်း အပြည့်ထောက်ခံ၏။

"အဲ့လိုယောကျ်ားတွေက လူမှုသိက္ခာ လည်းနည်းပါးလွန်းပြီး အထိအတွေ့ပေါ်လည်း စိတ်မထိန်းနိုင်ကြဘူး ... ထိတွေ့တဲ့နောက်ပါတာပဲ"

"ကဲတော်ပါတော့ မဆွေရယ် ... မဆွေပြောတဲ့ယောကျ်ားအမျိုးစားထဲမှာ နိုင်သူမပါသလို ညို့မာန်ပြင်း ကြုံတွေ့တဲ့မိန်းမအမျိုးစားထဲမှာလည်း မဆွေတို့ မပါဘူး"

နိုင်သူဒီလိုပြောလိုက်မှ ညီအစ်မနှစ်ယောက် အသံတိတ်သွားသည်။ ဒါတောင် သမီးလှချောထံမှ စကားသံထွက်လာသေးသည်။

"နာမည်ကို ညို့မာန်ပြင်းတဲ့ ... မြွေထက်တောင် အဆိပ်ပြင်းမယ့်ကောင်ပဲ ... ရွှံ့စရာကြီး .. ဒီလိုကောင်မျိုးကို သင်ခန်းစာပေးဖို့ ပြေးတွေ့လိုက်ချင်ပေမယ့် သမီးပေးမယ့်သင်ခန်းစာနဲ့ တန်ကိုမတန်တာ ... သမီးတို့က ဒီလိုကောင်မျိုးကို အထင်ကိုမကြီးဘူး"

သမီး၏ စကားများကိုသာ ညို့မာန်ပြင်းကြားသွားပါက ဆတ်ဆတ်ထိနာသွားလိမ့်မည်ဟု နိုင်သူတွေးရင်း ပြုံးနေမိသည်။

****

# အခန်း (၃)

“ကိုနိုင် … ဗျို့ ကိုနိုင်”

အိမ်ရှေ့မှခေါ်သံကြောင့် ရာဇာပြေးထွက်လာ၏ ။ ချောမောလှပသော ညို့မာန်ပြင်းကို မြင်တွေ့ လိုက်သည်နှင့် ရာဇာခင်မိသွားသည်။

“ကိုနိုင်ရှိလား သားသား”

“ရှိတယ် ဦးဦး … ဦးဦးက ဦးနိုင်သူငယ်ချင်းလားဟင်”

နှစ်လိုစွာပြုံးပြရင်း ဖော်ရွေစွာမေးလာသော ရာဇာ့ကိုလည်း ညို့မာန်ပြင်း ချစ်မိသွားသည်။

“ဟုတ်တယ် သားရဲ့”

“ဦးဦး အိမ်ထဲဝင်ပါဦး … သားကဦးနိုင်ရဲ့တူပါခင်ဗျာ …သားနာမည်က ရာဇာလုဗိုလ်တဲ့”

“အားပါး … တယ်လှတဲ့နာမည်ပါလား”

ရာဇာနဲ့စကားပြောရင်း ဧည့်ခန်းထဲ ဝင်ခဲ့ကြသည်။

“ဦးဦးနာမည်ကရော ဘယ်လိုခေါ်လဲဗျ”

“ညို့မာန်ပြင်း”

ဆက်တီတွင်ထိုင်ရင်း ညို့မာန်ပြင်းဖြေသည်။

“ဟာ … ဦးဦးနာမည်က အပျံစားလှနေတာပဲ … ဦးဦးကို သားက ဦးမာန်လို့ခေါ်မယ်နော်”

“ရာဇာလေးကြိုက်သလိုသာ ခေါ်စေဗျာ … ခေါ်စေ”

သွက်လက်လွန်းပြီး ချစ်စရာကောင်းသော ရာဇာကို ညို့မာန်ပြင်း ချစ်နေမိသည်။

“ဟ … အိမ်ရှေ့မှာ စကားသံကြားပါတယ်ဆိုပြီး ထွက်လာခဲ့တာ … ရာဇာနဲ့မင်းနဲ့ စကားကောင်းနေတာကိုး … ရာဇာကင့်ါတူလေ … င့်ါအမေအစ်မရဲ့ သမီးက ရာဇာ့အမေပေါ့ … ရာဇာ့မှာ စနိုးပိုက်လှယမင်းဆိုတဲ့ ညီမတစ်ယောက်ရှိသေးတယ်”

“ဟုတ်လား … နာမည်တွေက လှလှလေးတွေနော် … ဒါနဲ့ မင်းတူရာဇာက သိပ်ချစ်ဖို့ ကောင်းတာပဲနော် … ကလေးမချစ်တတ်တဲ့ငါတောင် ရာဇာ့ကို မြင်မြင်ချင်း ချစ်သွားမိတယ်”

“သူတို့မောင်နှမနှစ်ယောက်လုံး ချစ်စရာကောင်းတယ်ကွ … င့်ါအဖေနဲ့အမေဆို သူတို့ကို သိပ်ချစ်တာ … သူတို့ကိုဘယ်သွားသွားခေါ်ရတယ် … ဒီနေ့အငယ်မက သမီးနဲ့အပြင်လိုက်သွား လို့ပါမလာတာ”

“သမီး … ဘယ်ကသမီးလဲ … ဘယ်သူ့သမီးလဲ”

ညို့မာန်ပြင်း အမေးကြောင့် နိုင်သူရယ်မိသည်။

“င့်ါညီမတစ်ဝမ်းကွဲပါကွာ”

ညို့မာန်ပြင်း ဆက်မမေးတော့။

“ဒါနဲ့ မင်းအားလား”

“ခုတော့ အားတယ်လို့ပြောရမှာပေါ့ … ဒါပေမယ့် ညကျရင် ရာဇာ့ကို သူ့အိမ်ပြန်ပို့ပေးစ ရာရှိတယ်ကွ”

“ဒါဆိုရင် အခုငါနဲ့လိုက်ခဲ့ကွာ … ထရေစီထူးရဲ့ မွေးနေ့သွားမလို့ကွ”

ထရေစီထူးဆိုသည်မှာ ညို့မာန်ပြင်းကို အသည်းအသန် စိတ်ဝင်စားနေသော ညို့မာန်၏ ကောင်မလေးများထဲမှ ကောင်မလေးတယောက်ပါ။

"ဟာကွာ ... ငါနဲ့မှမသိဘဲ ... မလိုက်ချင်ပါဘူးကွာ"

"မင်းကလဲကွာ ... မင်းကသာ ထရေစီထူးကို မသိပေမယ့် ... ငါနဲ့ပတ်သတ်သမျှကောင် မလေးတိုင်းက မင်းဟာင့်ါရဲ့အချစ်ဆုံးသူငယ်ချင်းမှန်း သိကြပါတယ် ... ပြီးတော့ မင်းမပါပဲ ညေ့ခံပွဲတွေ ငါဘယ်နှခါသွားဖူးလို့လဲကွာ"

တကယ်လည်း ဟုတ်ပါသည်။ မည်သည့်ညေ့ခံပွဲကိုပဲ ညို့မာန်ပြင်းသွားသွား၊ နိုင်သူ့ကို မရမက ခေါ်သွားတတ်သည်။

ခုလည်း ငြင်းမရမှန်းသိနေတာမို့ နိုင်သူငြင်းမနေတော့ပဲ အကျုံ သွားးလဲသည်။

"ကိုနိုင် ...အန်တီနဲ့အန်ကယ်ကိုလည်း ငါခေါ်သွားတယ်လို့ ပြောလိုက်နော်"

ညို့မာန်ပြင်း လှမ်းအော်ပြောလိုက်သည်။

စကားပြောယဉ်ကျေးလိမ္မာ၊ နူးညံ့သော ညို့မာန်ပြင်းကို နိုင်သူ့မိဘများ ခင်နေတာ ကြာပြီပဲ။

"ဦးမာန်က ဦးနိုင်ကို ဘယ်ခေါ်သွားမလို့လဲဟင်"

သူ့ဘောင်းဘီစကို ကိုင်ဆွဲပြီး ရာဇာမေးသည်။

"ဦးမာန်ရဲ့ သူငယ်ချင်းမွေးနေ့ပွဲသွားဖို့လေသားရဲ့ ... ဒါနဲ့သားမွေးနေ့က ဘယ်တော့ လဲဟင်"

"ရှေ့လဆိုရောက်ပြီ ဦးမာန်ရဲ့ ... သားမွေးနေ့ကျရင် ဦးကိုဖိတ်ရင် လာမှာလား"

"ဟ ... လာရမှာပေါ့ ရာဇာရဲ့"

ထိုအချိန်တွင် နိုင်သူမှာ အဝတ်လဲပြီးပြီမို့ ရာဇာ့ကိုနှုတ်ဆက်ရင်း ထရေစီထူး၏ မွေးနေ့ပွဲသို့ နှစ်ဦးသား ထွက်လာခဲ့သည်။

"ညို့နောက်ကျတယ်ကွာ"

ညို့မာန်ပြင်း၏ ကားလော ခြံထဲဝင်လာသည်နှင့် ထရေစီထူးအပြေးလေးရောက်လာပြီး ကြို၏ ။

သူကားပေါ်ကဆင်းသည်နှင့် သူ့လက်ကိုပြေးတွဲလာသည်။

"ကိုယ့်သူငယ်ချင်းကို ဝင်ခေါ်နေလို့လေ"

နိုင်သူ့အား ညို့၏ အချစ်ဆုံးသူငယ်ချင်းမှန်းသိနေတာမို့ ထရေစီထူးမှာ တရေးတယူပြုံးပြ နှုတ်ဆက်၏ ။ နိုင်သူကတော့ ပြုံးပြသည်ဆိုရုံသာ ပြန်လည်တုံ့ပြန်လိုက်သည်။

"ဟက်ပီးဘက်ဒေး ထရေစီ"

နိုင်သူ့လက်ထဲမှ လက်ဆောင်ထုပ်ကိုကမ်းယူပြီး ထရေစီ့လက်ထဲ ထည့်လိုက်သည်။

"အို ... ညို့ရယ် ... ညို့ရဲ့မွေးနေ့လက်ဆောင်က ထရေစီ့အတွက် အဖိုးတန်ရတနာ တစ်ခုပါပဲ"

ကြည်နူးစွာပြောလာသည့် ထရေစီထူးကိုကြည့်ရင်း ညို့မာန်ပြင်းကျေနပ်စွာ ပြုံးလိုက် သည်။

"လာ ညို့ ... ကိုနိုင်သူ လာလေ"

ခြံကျယ်ကြီး၏ ညာဘက်တွင် မွေးနေ့ပွဲလာ ကားများရပ်နားရန် စီစဉ်ထားပြီး ဘယ်ဘက်တွင် မွေးနေ့ပါတီကျင်းပနေတာမို့ တေးဂီတသံတို့ဖြင့်

မြိုင်ဆိုင်နေသည်။

“ညို့ … ဘယ်မှာထိုင်မလဲပြော”

အရေးတယူမေးလာသော ထရေစီထူးအား တစ်နေရာသို့လက်ညှိုးထိုးပြလိုက်သည်။

“ဟိုမှာ ထိုင်မယ်”

စားပွဲတလုံးထဲတွင် တယောက်တည်းထိုင်နေသော မိန်းမချောလေးကို တွေ့လိုက်ရတာ မို့ ထရေစီထူး မျက်နှာပျက်သွားရသည်။

“ညို့နော် …. အဲ့ဒါပိုင်ရှင်ရှိပြီးသား”

ပျက်ချင်ချင်မျက်နှာထားဖြင့် ပြောလာသော ထရေစီထူးကို ကြည့်ပြီး ညို့မာန်ပြင်းရယ် လိုက်၏ ။

“ထရေစီရယ် … ကိုယ်တမင်စတာပါကွာ … ကိုယ့်အနားမှာ ထရေစီရှိနေပြီပဲ … ဘယ်သူ ကမှ ကိုယ့်စိတ်ကိုမဖမ်းစားနိုင်တော့ပါဘူးကွာ”

ထရေစီထူး၏ မျက်နှာလေး ပြုံးရွှင်သွားရသည်။

အပြောချိုတာကို သဘောကျတယ် အယုံလွယ်တတ်သော မိန်းမများကို ကြည့်ပြီး နိုင်သူ ခေါင်းယမ်းလိုက်မိသည်။

“တီးဝိုင်းနားမှာ ထိုင်မလား ညို့”

ထရေစီ့အမေးကြောင့် နိုင်သူ့ကို ညို့မာန်ပြင်း လှမ်းကြည့်လိုက်သည်။ နိုင်သူက တစ်နေရာသို့ မျက်စပစ်ပြ၏ ။

“လူရှင်းတဲ့ ဟိုးသစ်ပင်အောက်က ဝိုင်းမှာပဲ ထိုင်ရအောင် ထရေစီ”

ထရေစီခေါင်းညိတ်ပြီး ထိုနေရာလေးသို့ လိုက်ပို့လေသည်။

ဆူညံသံများနဲ့အနည်းငယ်ဝေးသောနေရာမို့ နိုင်သူကျေနပ်သွားပြီး

စားပွဲပေါ်ရှိစားစရာ များကိုသာ မြိန်ရေယှက်ရေ စားနေမိသည်။

ညို့မာန်ပြင်းနဲ့ထရေစီထူးကတော့ စကားတွေပြောနေသည်။

"ညို့"

"ဟင်"

"ထရေစီ့ကို ချစ်လားဟင်"

"ဒီနေ့ မင်းသိပ်လှနေတယ်"

"ဟာကွာ ... ထရေစီက ချစ်လားလို့မေးနေတာ"

"ထရေစီက ဘာကြားချင်တာလဲ"

ထရေစီ့မျက်နှာကို စူးစိုက်ကြည့်ရင်းမေး၏ ။

ညို့ဓာတ်ပါသော မကြည့်စူးတို့က ထရေစီ့ရင်ကို အခုန်မြန်စေ၏ ။

"ချစ်တယ်ဆိုတာကြားချင်တာ"

"ညို့မာန်ပြင်းကိုများ ချစ်လားမေးပြီး ချစ်တယ်ကြားချင်နေရသလား ကလေးမရယ် မင်းလူကတော့ ဘယ်မိန်းမက ချစ်လားမေးမေး ... သူကတော့ ချစ်တယ်လို့ပဲပြောမှာပဲ" ဟု နိုင်သူ့ရင်ထဲ တီးတိုးပြောလိုက်မိသည်။

"ထရေစီရယ် ... မင်းကိုကိုယ် သိပ်ချစ်တယ်ဆိုတာ သိရဲ့သားနဲ့ ... ဒီမေးခွန်းမျိုးကို မေးစရာလိုသေးလို့လားကွာ"

"ထရေစီက စိုးရိမ်လို့မေးတာပါ ညို့ရယ် ... ညို့ ထရေစီ့ကိုပဲ ချစ်ရမှာနော်"

"စိတ်ချစမ်းပါ ထရေစီရယ် ... ကိုယ့်မှာချစ်တတ်တဲ့ အချစ်တွေမှ အများကြီး ... လက်လီ လားလက်ကားလား လိုသလောက်ရမယ်"

"အံမယ် ... လက်လီလက်ကားနားမလည်ဘူး ... ညို့အချစ်အားလုံးက ထရေစီ့အတွက်ပါ ပဲနော်"

"စိတ်ချဗျာ"

ထိုအချိန်တွင် ထရေစီ့ညီမ နော်ဇာရောက်လာသည်။

"မမရေ ... ဟိုမှာ မမရဲ့သူငယ်ချင်းတွေ ရောက်နေတယ်"

"ကဲ ထရေစီ ... သွားဧည့်ခံလိုက်ဦး ... ကိုယ်အေးဆေးနေပေးဦးမှာ ... သွား သွား"

မသွားချင်သွားချင်ဖြစ်နေသော ထရေစီကို ညို့မာန်ပြင်း အတင်းသွားခိုင်း၍ သာ ထရေစီ ထသွားရသည်။

ညို့မာန်ပြင်းကို နော်ဇာ တချက်ကြည့်ရင်း ပြုံးပြလိုက်ပြီး သူမအစ်မနောက်သို့ လိုက်သွား ၏ ။

"နော်ဇာကလည်း မင်းကိုစိတ်ဝင်စားနေသလိုပဲနော်"

နိုင်သူ့စကားကြောင့် သူကျေနပ်စွာ ပြုံးလိုက်သည်။

"ညို့မာန်ပြင်းအကြည့်တချက် စိုက်ကြည့်ခံရတဲ့မိန်းကလေးတိုင်းဟာ ညို့မာန်ပြင်းကို အနည်းနဲ့အများ စိတ်စင်စားတတ်ကြတယ်ဆိုတာ ကိုနိုင်မေ့နေပြီလား"

ယုံကြည်မှုအပြည့်ဖြင့်ပြောနေသည့် ညို့မာန်ပြင်းကို ကြည့်ပြီး နိုင်သူခေါင်းခါပြလိုက်သည်။

နိုင်သူ တစုံတခုကိုမေးရန် မေးသင့်မမေးသင့် ချင့်ချိန်နေသည်။

"ငါ့ကိုတခုခုမေးချင်နေတယ် မဟုတ်လား ... မေးစရာရှိတာသာ မေးပါကွာ"

"စိတ်မဆိုးဘူးဆိုရင် မေးချင်တယ်"

"မေးပါဆို"

ညို့မာန်ပြင်းက ဖြေရန်အဆင်သင့်ရှိနေပုံမို့ နိုင်သူမေးချလိုက်သည်။

"မင်းက အချစ်နဲ့လက်ပွန်းတတီးရှိတဲ့သူမို့ မင်းပြောနေတဲ့ ချစ်တယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ"

နိုင်သူ့အမေးကြောင့် ညို့မာန်ပြင်းမျက်နှာ ပြုံးသွားရသည်။

"မင်းကဘယ်လိုထင်လို့လဲကိုနိုင်"

"မင်းရင်ထဲမှာရှိတဲ့အချစ်တွေကို အပေါစားအချစ်တွေလို့ ငါထင်တယ် ညို့မာန် ... အဲဒီ လို ပြောတာ မင်းစိတ်မဆိုးပါဘူးနော်"

သူခေါင်းသွက်သွက်ခါရင်း တဟားဟားရယ်သည်။

"စိတ်မဆိုးပါဘူးကွာ ... ဒါပေမယ့် မင်းပြောသလိုတော့ အချစ်တွေက အပေါစားတော့ မဟုတ်ပါဘူးကွာ ... ငါ့ရင်ထဲကအချစ်တွေက များလွန်းလို့ငါ့ကိုလာရောတဲ့ မိန်းမလှလေးတွေထဲ ကဆန်ကာတင်ကျန်ရစ်တဲ့ မိန်းမချောလေးတွေကို ချစ်လို့ရတာ ပဲရှိတာပါကွာ"

နိုင်သူ သက်ပြင်းချလိုက်မိသည်။

"အချစ်ဆိုတဲ့အရာကို အဓိပ္ပာယ်ကောက်လွဲနေတာများလား ညို့မာန်ရယ်"

နိုင်သူ့စကားကြောင့် ညို့မာန်ပြင်း တချက်တွေသွားသည်။

"မင်းစကားက တယ်သွားပါလား ... ငါကိုယ်ငါတောင် ဇဝေဇဝါဖြစ်သွားတယ်"

နိုင်သူပြုံးမိ၏ ။

"အချစ်ဆိုတဲ့အရာကို အဓိပ္ပာယ်ကောက်လွဲတာများလား ပြောလိုက်တာနဲ့ မင်းကိုယ်မင်း ဇဝေဇဝါဖြစ်ပြီဆိုကတည်းက မင်းဟာအချစ်ကို မသိသေးတဲ့သူဘဲ"

"ဟ … မင်းကအချစ်အကြောင်းကို ငါ့ထက်ပိုသိနေပါလားကွာ"

နိုင်သူ့ကိုအံ့ဩစွာကြည့်ရင်း ညို့မာန်ပြင်းမေးသည်။

"ငါ့ကိုယ်ငါ အချစ်ဆရာကြီးလို့ထင်ခဲ့တယ် … ငါ့လောက်ချစ်တတ်တဲ့လူ မရှိနိုင်တော့ဘူး ထင်ခဲ့ပြီး … မင်းပြောသလို တခါမှ မတွေးခဲ့မိတာ အမှန်ပဲကိုနိုင်"

ညို့မာန်ပြင်းစကားကြောင့် နိုင်သူသဘောကျစွာ ပြုံးမိသည်။

"မာန်ပြင်း … မာန်ပြင်း … အချစ်အကြောင်းသေချာမသိဘဲ ရည်းစားများနေတာကိုများ … ချစ်သူများနေတာဆိုပြီး အချစ်ဆိုတဲ့ နာမည်လှလှလေးကို ခပ်တည်တည် ယူသုံးပစ်လိုက်တာပဲလား"

"အံမယ် … မင်းကဆရာကြီးလေသံနဲ့ပါလား … အချစ်အကြောင်းကို မင်းသိထားသ လောက် ငါ့ကိုနည်းနည်းလောက် ရှင်းပြပါလားကွာ"

နိုင်သူခေါင်းခါသည်။

"အချစ်အကြောင်းက တော်တော်လေးလေးနက်ကျယ်ပြန့်တယ်ကွ …. လေ့လာလို့မဆုံး နိုင်တဲ့ပညာရပ်တွေထဲမှာ အချစ်အကြောင်းလည်းပါတယ်လို့ ငါထင်တယ်"

"ဟ … တယ်ဆိုတဲ့စာပါလား … ဒီလောကမှာ အချစ်ကျောင်းသာရှိခဲ့ရင် အဲဒီ ကျောင်းမှာ မင်းကို နည်းပြခန့်ရမယ်"

စီးကရက် တစ်လိပ်ကိုကိုင်ရင်း ညို့မာန်ပြင်းပြော၏ ။

"အဟား … အထင်ကြီးမနေစမ်းပါနဲ့မာန်ပြင်းရာ .. ရည်းစားဒီလောက်များတဲ့ မင်းတောင် အချစ်အကြောင်းသေချာမသိသေးဘဲနဲ့ …

ငါ့လို့ချစ်သူမပြောနဲ့ ... ရည်းစားတောင် မထားဘူးသေးတဲ့သူက အချစ်အကြောင်း အလုံးစုံ သိပ့်ါမလားကွာ ... မင်းပြောသလို အချစ်ကျောင်းမှာတော့ ငါဟာ ဘယ်တော့မှ နည်းပြဖြစ်မလာဘဲ စာသင်သားဘဝနဲ့ တသက်လုံး နေသွားရမှာကွ”

“မင်းကွာ .... ပြောတတ်တယ်”

နှစ်ဦးသားရယ်လိုက်မိကြသည်။

“ဒါနဲ့ နေပါဦး ... မင်းစကားထဲမှာ ချစ်သူရည်းစားဆိုပြီး ခွဲသုံးသွားတာ ပါတယ်နော် ... ဘာလဲ ... ရည်းစားနဲ့ချစ်သူမတူဘူးတဲ့လား”

ညို့မာန်ပြင်းကိုကြည့်ပြီး နိုင်သူရယ်လိုက်မိသည်။

“ရယ်မနေနဲ့ ... ငါတကယ်သိချင်လို့မေးတာ ... မင်းရဲ့အတွေးအခေါ် အယူအဆလေး တွေကို ပြောပြပါကွာ”

ညို့မာန်ပြင်းအလေးအနက်ပြောလာတာမို့ နိုင်သူမျက်နှာတည်သွားသည်။

“တချို့ကတော့ ချစ်သူနဲ့ရည်းစားကို ခေါ်ချင်သလိုခေါ်လိုက်တာပဲ”

“အာ ... မင်းဟာကလဲ”

ခေါင်းရှုပ်သလို ဆံပင်များကိုဖွပြီး ညို့မာန်ပြင်း ပြောသည်။

နိုင်သူပြုံး၏ ။

“ငါပြောချင်တာက ဒီလိုကွာ ... တချို့လူတွေက တဦးတယောက်တည်းကိုပဲ ချစ်စကား ကြိုက်စကားပြောပြီး ချစ်သူဖြစ်သွားကြတယ်။ သမီးရည်းစားဖြစ်သွားတယ်လို့ ပြောလို့ရတယ် ... ပြီးတော့ လက်ထပ်ဖြစ်သွားတယ် ... တချို့နှစ်ယောက်သုံးယောက် ချစ်ကြိုက်ဖူးတဲ့သူတွေက ချစ်သူနဲ့ရည်းစားကို ခွဲတတ်လာကြတယ်”

"အဟဲ ... ငါတော့ မခွဲတတ်သေးဘူး"

ညို့မာန်ပြင်း၏ စကားကြောင့် နိုင်သူပြုံးလိုက်မိသည်။

"မင်းမှာက ချစ်သူတွေလား၊ ရည်းစားတွေလားမှ မသိတာ ... တချိန်ချိန်မှာတော့ မင်းသိ လာမှာပေါ့ကွာ ... ငါ့စကားဆက်ဦးမယ် ... တချို့ရည်းစားများတဲ့သူတွေ ပြောသလိုပေါ့ကွာ ... ရုပ်ရှင်ဇတ္တုတွေထဲမှာ ပြောတဲ့ စကားကွာ ... ဘာတဲ့ လှတာမြင်တော့ ကြိုက်မိတယ် ... စိတ်ဝင်စားမိတယ် ... သာယာမိတယ်... ဒါနဲ့ပဲဒါတွေကို အချစ်လိုထင်ပြီး ကောင်မလေးတယောက်ကို လိုက်မိတယ် ... ရတယ် ... ပြီးတော့ကိုယ်ကိုယ်တိုင်က တကယ်တမ်းကျတော့ လေးနက်စွာမခံစားမိဘူးလေ ... အဲမျှော်လင့်ပဲ ကိုယ့်ရဲ့ခံစားချက်ကို ကပြောင်းကပြန်လုပ်လာနိုင်တဲ့သူကို တွေ့ခဲ့တယ်ဆိုပါတော့ ... အဲဒီ လူကို ကိုယ်ကဖန်တီးတာ မဟုတ်ဘူး... ရင်ထဲက လေးနက်တဲ့ခံစားချက်တွေက သူ့ဘာသာဖြစ်ထွန်းလာပြီး အချစ်စစ်ဆိုတဲ့အရာကို နှလုံးသားရဲ့ညင်သာစွာပြောပြချက်အရ ခံစားသွားရတာ ... ငါပြောပြ တတ်သလောက်တော့ ဒီလောက်ပဲ ... အဲကျန်သေးတယ် ... လူတွေဟာ အချစ်အကြောင်းကို နားလည်တယ်လို့ တကယ်တမ်းထင်နေကြပေမယ့် သေချာမေးကြည့်တဲ့အခါမှာတော့ မင်းလို ဟိုလိုလို ဒီလိုလိုဖြစ်ကုန်ကြရော"

နိုင်သူ့စကားကိုနားထောင်ရင်း ညို့မာန်ပြင်းခေါင်းတဆတ်ဆတ်ညိတ်နေမိသည်။

ခပ်ဝေးဝေးရှိ စတိတ်ရှိုးစင်မြင့်ပေါ်တွင်တော့ အမျိုးသမီးအဆိုရှင်တဦးသည် အင်္ဂလိပ် သီချင်းတစ်ပုဒ်ကို အားပါးတရအော်ဟစ်သီဆိုရင်း ခန္ဓာကိုယ်ရှိ အသားစိုင်များကို လှုပ်ခါကရမ်းနေသည်။

"အချစ်ဆိုတာ ရှုပ်ထွေး၊ နက်နဲ၊ နောက်ကျ၊ သန့်ရှင်း ၊ လေးလံ၊ ပေါ့ပါး၊

စိတ်ညစ်၊ ပျော်ရွှင်၊ ပူလောင်၊ အေးမြ စတာတွေနဲ့ ဖွဲ့စည်းတယ်လို့ငါထင်တယ်ကွ”

“ဟ … ဆန့်ကျင်ဘက်တွေချည်းပါပဲလားကွ”

“အင်းပေ့ါ … အချစ်ဆိုတာ ရသအမျိုးမျိုးကို အပေးနိုင်ဆုံးဝတ္ထုစာအုပ်တအုပ်လိုပဲ … အဲ ..ငါလည်းသိပ်သိ … သိပ်တတ်လို့တော့ ပြောနေတာမဟုတ်ဘူးနော် … ကိုယ့်တွေးရ သလောက်လေးပဲ ပြောနေတာ … အဲသေချာတာတခုတော့ ပြောနိုင်တယ် .. .ဘာလဲဆိုတော့ လူတယောက်နဲ့တယောက်မတူညီကြလို့ အချစ်ကိုခံစားတဲ့နေရာမှာ ကွဲပြားသွားကြတယ် … မင်းလည်း မင်းတကယ်ချစ်တဲ့သူ တချိန်ချိန်မှာ တွေ့လာလိမ့်မှာပါ … အဲ့အချိန်ကျရင် မင်းလက် တွေ့သိလာမှာပါ”

ဟုပြောပြီး နိုင်သူစကားစ ဖြတ်လိုက်၏ ။

စကားစဖြတ်၍ လည်း မဖြစ်တော့။ ထရေစီထူးရောက်လာပြီး ညို့မာန်ပြင်း၏ ပခုံးကို လှမ်းဖက်လိုက်သည်ပဲ။

****

## အခန်း (၄)

"ညို့"

"ဗျာ"

ညို့မာန်ပြင်းမျက်နှာကို ချစ်မြတ်နိုးစွာ ငေးစိုက်ကြည့်ရင်း ရှုမဝဦး တီးတိုးခေါ်လိုက်သည်။

"ရှုမဝကို ချစ်လားဟင်"

"ချစ်လို့ပဲ ကိုယ့်နဲ့ရှုမဝ ချစ်သူဘဝ ရောက်ခဲ့ပြီပဲ"

"ရှုမဝကိုတကယ်ချစ်လားဟင်"

သူ့လည်ပင်းကို သိုင်းဖက်ပြီး မေးသည်။ ညို့မာန်ပြင်းရယ်ရင်း

"ထင်တာပဲ"

"ကြည့်စမ်း ... ကောင်းကောင်းမဖြေဘူး"

"ကောင်းကောင်းမဖြေတာမဟုတ်ဘူး ...ရှုမဝ ကိုယ်အချစ်အကြောင်း သိပ်နားမလည် သေးဘူး"

"ဘုရားရေ"

ရှုမဝဦးရယ်သည်။

"ညို့ရယ် ... ယုံတမ်းစကားတွေ ပြောမနေပါနဲ့ ... ညို့နှုတ်ခမ်းဖျားက ထွက်တဲ့စကား သံမှန်သမျှကို ရှုမဝယုံမိလိမ့်မယ် ... အလိမ်ညာစကားမှန်းသိပေမယ့် ရှုမဝ ယုံမိလိမ့်မယ် ညို့"

"ဘာလို့"

"ညှို့ကိုသိပ်ချစ်လို့"

ညှို့မာန်ပြင်းရယ်ရင်း ကားကတ်ဆက်ခလုတ်ကို နှိပ်လိုက်သည်။ အဆိုတော်အဲလက်စ်၏ အချစ်ဆိုတာဘာလဲ သီချင်းသံ ထိုးထွက်လာသည်။ သူ့ကိုကြည့်နေသော ရှုမဝဦးအား မျက်နှာ အမူရာနဲ့ဘာလဲဟုမေးတော့ ရှုမဝဦးသဘောကျစွာရယ်သည်။

"ညှို့ရယ် ... ညှို့ဟာလေ သိပ်ကိုချစ်ဖို့ကောင်းတဲ့လူတယောက်ပဲ ... ရှုမဝရဲ့အိပ်မက်တွေ ကိုလည်း စိုးမိုးထားတယ် ... ပြီးတော့ ရှုမဝကိုရင်ခုန်အောင်လည်း လုပ်နိုင်တယ် ... ညှို့ဟာ ရှုမဝရင်ထဲက အချစ်များစွာကို သိမ်းပိုက်နိုင်တဲ့သူပဲ ... ညှို့မှာ ရှုမဝအရင် ရည်းစားများစွာရှိနေတာ ကိုလည်း ရှုမဝသိပါတယ် ညှို့ရယ်"

ညှို့မာန်ပြင်းရယ်နေသည်။

ရှုမဝကတော့ ညှို့မာန်ပြင်း၏ လက်ဖျံကို သူမ၏ လက်ဖဝါးနုနုလေးဖြင့် ပွတ်သပ်ရင်း ဆက်ပြောနေပြန်သည်။

"ဒါပေမယ့်ညှို့ရယ် ... ညှို့မှာ ချစ်သူတွေရည်းစားတွေ ဘယ်လောက်ပဲရှိရှိ ဘယ်လောက် ပဲထားခဲ့ထားခဲ့ ... ရှုမဝက အပြစ်မတင်ပါဘူး ... ရှုမဝကို အချစ်ဆုံးဖြစ်နေရင်ပဲ ရှုမဝ ကျေနပ်ဂုဏ် ယူတယ် ညှို့"

"ရှုမဝရယ် ... မင်းလေးဟာ သိပ်အပြောကောင်းနေပါလားကွာ ... မင်းစကားတွေအပေါ် ကိုယ်တော့သာယာမိနေပြီ"

စီးကရက်မီးခိုးငွေ့များအား ရှုမဝ၏ မျက်နှာကို မှုတ်ထုတ်ရင်း ပြောလိုက်သည်။

"ညှို့ရယ် ... ရှုမဝပြောနေတာ ကြားကောင်းအောင်ပြောနေတာတွေ

မဟုတ်ပါဘူး… ရှုမဝ ရင်ထဲက ခံစားရတာ တွေ
အမှန်တကယ်ဖြစ်ပေါ်နေတာတွေကို ပြောနေတာပါ ညို့ … ရှုမဝမေးတာ ဖြေပါဦး
ညို့ရယ် … ရှုမဝကို ချစ်လားလို့”

ညို့မာန်ပြင်းမှာ ရှုမဝအမေးကို မဖြေပဲ ရှုမဝကိုပွေ့ဖက်လိုက်ပြီး
အနမ်းမိုးတွေ ရွာသွန်း ပေးလိုက်တော့သည်။

****

“မောင်နော် … ခုတလော ဘာဖြစ်နေတာလဲ … စိုးချိန်းတာ သုံးခါရှိပြီ
… သုံးခါလုံး ရောက်မလာဘူး … စိုးသိပ်ဝမ်းနည်းတယ်”

“ဟာ စိုးရယ် … မောင်တောင်းပန်ပါတယ်ကွာ …
စိုးချိန်းထားတာမောင်မမေ့ပါဘူးကွာ … မောင်အလုပ်မအားလို့ မလာဖြစ်တာပါ”

မျက်ရည်သုတ်နေသော စိုးစန္ဒာ၏ ပခုံးကို ခပ်ဖွဖွပွေ့ဖက်ပြီး
ညို့မာန်ပြင်း ချော့နေသည်။

ညို့မာန်ပြင်းနဲ့စိုးစန္ဒာတို့ တည်ရှိနေသောနေရာမှာ
စားသောက်ဆိုင်တခု၏ သီးသန့် ခန်းတွင်ဖြစ်သည်။

“အလုပ်မအားတာလား … မိန်းမလှလေးတွေဖိတ်တဲ့ပါတီပွဲတွေ
တက်ရောက်ချီးမြှင့်နေရ လို့မလာအားတာလား”

သူမပခုံးပေါ်တင်ထားသော ညို့မာန်ပြင်းလက်ကို ပုတ်ထုတ်ရင်း
ခပ်ဆတ်ဆတ်အသံဖြင့် စိုးစန္ဒာပြောသည်။ ညို့မာန်ပြင်းလေပူတချက်
မှုတ်ထုတ်လိုက်ပြီး ပျော့ပျောင်းနက်မှောင်သော ဆံပင်များကို
လက်နဲ့ထိုးဆွလိုက်သည်။

“ဟား စိုးရယ် … ကိုယ်တကယ်အလုပ်မအားလို့မလာဖြစ်တာပါကွာ …
ကျိန်ပြောဆိုကျိန်ပြောပါတယ် … အဲဒီ လိုတော့ မောင့်ကိုစွဲချက်မတင်လိုက်ပါနဲ့ကွာ”

“မောင့်ကိုစွဲချက်တင်ချင်လို့ တင်နေတာမဟုတ်ဘူး …မောင့်သတင်းက မိန်းမတွေ နှုတ်ဖျားမှာချည်းပဲ ရှိတယ်”

သူ့ဘက်သို့ဆတ်ခနဲလှည့်ရင်း စိုးစန္ဒာပြောသည်။ စိုးစန္ဒာမှာ ညိုသော်လည်း စိုဝင်းသော အသားရေ၊ လှပကျော့ရှင်းသောခန္ဓာကိုယ် ချစ်စဖွယ်ကောင်းသော မျက်နှာတို့ကို ပိုင်ဆိုင်ထား သူဖြစ်သည်။

“ဟုတ်လား … စိုးပြောမှပဲ မောင်သိတော့တယ်… ဒီလိုပေါ့လေ … ကျော်ဟိန်းကို လူတွေ သိတယ် .. ကျော်ဟိန်းက လူတွေကိုမသိဘူး ဆိုတာပေါ့”

“မောင်”

တခွန်းတည်းခေါ်လိုက်သော စိုးစန္ဒာ၏ အသံမှာ အနည်းငယ်တုန်ယင်နေသည်။ လှပညို့မှောင်သော မျက်ဝန်းမှ မျက်ရည်တို့စီးကျလာသည်။

“ဟာ … စိုးငိုနေတယ်”

ညို့မာန်ပြင်း ပျာပျာသလဲ ဖြစ်သွားပြီး စိုးစန္ဒာအား မျက်ရည်သုတ်ပေးနေသည်။ ယုယစွာ မျက်ရည်သုတ်ပေးနေသော ညို့မာန်ပြင်းကို စိုးစန္ဒာ မော့ကြည့်လာသည်။

“စိုးရယ် … တိတ်တော့နော် … မောင်ကစိုးကို ချစ်လို့စတာပါကွာ … စိုးမျက်ရည်ကျတာ မြင်တော့ မောင်မနေနိုင်ဘူးကွာ … မောင့်ကိုချစ်ရင်မျက်ရည်တွေမကျနဲ့ တိတ်ပါတော့လို့ ပြောလိုက်နော်”

စိုးစန္ဒာမျက်နှာ ပြုံးလာသည်။

“ဟုတ်ပြီ … မျက်နှာလှလှလေးပေါ်အပြုံးလေးတင်ထား … ဟုတ်ပြီ … ဟုတ်ပြီ … ဟော စားပွဲပေါ်က စားစရာလေးတွေကတောင် ပြောနေတယ် … မမစိုးစန္ဒာရေတဲ့ မျက်ရည်တွေသုတ် အပြုံးလေးတင်ပြီး ကိုကိုညို့မာန်ပြင်းကို

တချက်လောက် နမ်းလိုက်ပါတဲ့”

“သွား”

စိုးစန္ဒာမျက်နှာတခုလုံး ပြုံးသွားပြီး ရှက်ရိပ်ဝဲသောမျက်နှာကို ခေါင်းငုံ့ချပြီး ညို့မာန်ပြင်းကို ခပ်ဖွဖွလှမ်းရိုက်သည်။

စိုးစန္ဒာ၏ လက်ကလေးကို ဖမ်းဆုပ်ကိုင်လိုက်ပြီး ညို့မာန်ပြင်းနမ်းရှိုက်လိုက်သည်။

“မောင်”

“ဗျာ”

“မောင်ဟာ မိန်းကလေးတိုင်းကို မောင်က သူတို့ကိုသာအချစ်ဆုံးထင်အောင် လုပ်နေတာ တော့မဟုတ်ပါဘူးနော်”

“ဟား စိုးရယ် ... စိုးမို့မေးတတ်တယ် .. အဲ့လိုစိတ်မရှိပါဘူးကွာ ... မောင့်ရင်ထဲက အရှိအတိုင်းပဲ လုပ်တာပါကွာ”

“မောင်စိတ်ဆိုးသွားလား”

“စိတ်မဆိုးပါဘူး”

“မောင်”

“မောင်နားထောင်နေပါတယ်”

“မောင့်ကို စိုးသိပ်ချစ်တယ်ဆိုတာ မောင်သိပါတယ်နော်”

ညို့မာန်ပြင်း ခေါင်းညိတ်ပြသည်။

“စိုးကိုရောမောင်ချစ်လား”

“ချစ်လို့ပဲ ရည်းစားစကားပြောပြီး ချစ်သူဖြစ်ခဲ့တာပဲ စိုးရယ်”

စိုးစန္ဒာထံမှ သက်ပြင်းမောတချက် ထွက်လာသည်။

"ချစ်သူသာဖြစ်ခဲ့တာပါ … စိုးအပေါ်မောင်တကယ် မချစ်ဘူးဆိုတာ စိုးသိပါတယ်"

"သိရဲ့သားနဲ့များ မောင့်အချစ်ကို လက်ခံခဲ့သေးတယ်နော်"

"မောင့်ကို စိုးက သိပ်ချစ်ရတာ ကိုးမောင်ရဲ့"

"မောင်"

"ဗျာလို့"

"စိုးကိုချစ်ပါ မောင်ရယ် … စိုးတောင်းပန်ပါတယ် … စိုးလေ မောင့်ရဲ့အချစ်ဆုံးဖြစ်ချင် တယ် … စိုးလေမောင်ထားခဲ့မှာ သိပ်စိုးရိမ်တယ် … မောင်ဟာစိုးရဲ့ အချစ်ဦးမို့ မောင်နဲ့သာ ဘဝတခု ထူထောင်ချင်ပါတယ် မောင်"

ညို့မာန်ပြင်းပြုံးနေသည်။

"မောင်ဘာလို့ရည်းစားများတာလဲဟင်"

"မောင်ရည်းစားများနေလို့လား"

"မောင် သက်စေ့တောင်မကဘူးဆိုတာ စိုးသိပါတယ် မောင် … ဘာဖြစ်လို့များ ရည်းစား တယောက်ပြီးတယောက် ထားနေရတာ လဲ"

"ဒီမယ်စိုး … စိုးသိအောင် မောင်ပြောပြထားမယ် … ညို့မာန်ပြင်းဘဝမှာ ဘယ်မိန်းမကို မှမရောဘူး၊ စမလိုက်ဘူး၊ စိုးလည်းသိမှာပါ .. စိုးနဲ့ကိုယ်ရည်းစားဖြစ်ခဲ့တာ ဘယ်သူကစရောလို့ လဲ … စိုးဘက်ကပဲစပြီး ရေလာမြောင်းပေးလုပ်ခဲ့တာ မဟုတ်လား"

စိုးစန္ဒာမျက်နှာ ရဲခနဲ ဖြစ်သွားသည်။

"ဒီလိုတော့ မပြောပါနဲ့မောင်ရယ် … စိုးကမောင့်ကိုတကယ်ချစ်လို့

ရောခဲ့တာပါ … စိုး မောင့်ကိုတကယ်ချစ်တာပါ”

“မောင်သိပါတယ်”

“မောင် … မောင်ဟာ မောင့်ကိုမိန်းမတွေ ချစ်တယ်ဆိုပြီး မောင်ဂုဏ်ယူနေတာ မဟုတ် လား … တကယ်လည်းလက်မတွဲနိုင်ပဲ အပျော်သဘောနဲ့ မိန်းမတွေကို တွဲခဲ့တာ မဟုတ်လား”

“မောင့်ကို ဒီလိုမပြောပါနဲ့စိုး”

မှန်တာပြောလိုက်မိတော့ ညို့မာန်ပြင်း မခံနိုင်။

“စိုးမှန်တာပြောတာ”

“မမှန်ဘူး”

“မမှန်ဘူးဟုတ်လား … ဒါဆိုရင်စိုးကို လက်ထပ်မှာလား”

“ဟို”

ညို့မာန်ပြင်းမဖြေနိုင်။

“မောင်မဖြေနိုင်ဘူး မဟုတ်လား … မောင်ဟာ ကိုယ့်ကိုတကယ်ချစ်တဲ့မိန်းမတွေကို ချစ်ချင်ဟန်ပြန်ဆောင်ခဲ့တာ … မောင့်ဘက်က အချစ်တုံ့ပြန်မှုရတဲ့မိန်းမတွေဘက်ကတော့ မျှော်လင့်ချက်ကြီးစွာနဲ့ပေါ့ … ဒါတွေကို မောင်သိရဲ့လား … သူတို့စိတ်ထဲမှာ ညို့မာန်ပြင်းဟာ ရည်းစားတွေဘယ်လောက်ပဲ ထားခဲ့ထားခဲ့ … ငါ့ကိုသာ အချစ်ဆုံးလို့ထင်ခဲ့တယ်”

စိုးစန္ဒာအသံမှာ အနည်းငယ် မာလာသည်။ စိုးစန္ဒာ၏ အသံနည်းတူ ညို့မာန်ပြင်းမျက်နှာပေါ်တွင်လည်း မထီတရီ အပြုံးပေါ်လာသည်။ အခြေအနေမှာ စောစောကကဲ့သို့ ကြည်နူးစရာ မဟုတ်တော့။ မမျှော်လင့်ပဲ တင်းမာစပြုလာသည်။

“မောင်ဟာ မောင့်ကို တကယ်ချစ်တဲ့မိန်းမတွေနဲ့

ဘဝမျှော်လင့်ချက်တွေကို ရိုက်ချိုးတယ် ... ကိုယ်တကယ်မချစ်နိုင်ရင် ပြန်မချစ်နဲ့ ... ပြန်မတွဲနဲ့ပေါ့ ... တွယ်တာအောင်မလုပ်နဲ့ပေါ့ ... မောင်ကဒီလိုမဟုတ်ဘူး ... မိန်းမတိုင်းရဲ့အတွေးအာရုံထဲမှာ မောင့်ကိုပဲရှိစေချင်ခဲ့တယ် ... မောင်ရှိစေချင်သလိုပဲ မောင်နဲ့ပတ်သတ်တဲ့မိန်းမတိုင်းဟာ မောင့်ကိုတကယ်ချစ် တကယ်မြတ်နိုး တယ် ... အဲ့ဒီအပေါ် မောင်ဟာ သာယာခဲ့တယ် ... ဂုဏ်ယူခဲ့တယ် ... မောင်ဟာစိုးတို့မိန်းမတွေ ရဲ့အချစ်ကို စော်ကားလွန်းနေတယ်”

ညို့မာန်ပြင်းထံမှ မထီတရီရယ်သံ ထွက်ပေါ်လာသည်။

“စွဲချက်တွေကများလှချည်လား စိုးရယ် ... ကိုယ့်ကိုဒီလောက်ထိ ပြောစရာမလိုပါဘူး”

“ကိုယ့်ချစ်သူတောင် ကိုယ်ပြောပိုင်ခွင့်မရှိဘူးလား”

“စိုးစန္ဒာရယ် ရန်တွေ့တဲ့ပုံစံ၊ သတိပေးတဲ့ပုံစံတွေနဲ့ ငါ့ကိုချုပ်ကိုင်ဖို့ မကြိုးစားချင်စမ်းပါနဲ့ ... ငါဟာ အချစ်နဲ့ပျော်ရွှင်စရာပဲလိုချင်တာ ... ငါ့ကိုစိတ်ညစ်အောင်လုပ်တာ ငါမခံနိုင်ဘူး”

စိုးစန္ဒာမျက်နှာ သိသာစွာပျက်ယွင်းသွားသည်။

“မောင် ... စိုး ... စိုးကိုစိတ်မဆိုးပါနဲ့... စိုး .. စိုးကမောင့်ကိုသိပ်ချစ်လွန်းလို့ .. စိုးရိမ်လို့ ပြောမိတာပါမောင်ရယ်”

ညို့မာန်ပြင် ထရပ်လိုက်သည်။

“ဒီမယ် စိုးစန္ဒာ ... မင်းသိထားဖို့ ပြောလိုက်ဦးမယ် ... ညို့မာန်ပြင်းဟာ သူ့ကိုပျော်ရွှင်အောင်ဖန်တီးပေးနိုင်စွမ်းရှိသူကိုပဲ နှစ်သက်တယ် ... အဲဒီ လူတွေကိုလည်း ညို့မာန်ပြင်းလိုက်မရှာဘူး ... သူတို့ဘာသာရောက်လာကြတာပဲ ... စိုးလိုပေါ့ ... ပျော်စရာပေးဖို့ လာတော့ ကိုယ်လက်ခံရတာ ပေါ့ ... အဲကိုယ့်ကိုစိတ်ညစ်အောင်လုပ်မယ်ဆိုရင်တော့ ကိုယ့်ဘက် ကစထားခဲ့တယ်ဆိုတာ

နောက်ထပ်ငါ့ကို လာရောမယ့် မိန်းကလေးတွေသိအောင် လက်ဆင့်ကမ်း ပြောပြလိုက်ပါနော်”

စိုးစန္ဒာ ဝုန်းခနဲ ထရပ်လိုက်သည်။

“ရှင် … ရှင် လူယုတ်မာ … တစ်နေ့တော့ ရှင်ဝဋ်လည်မှာပါ”

ပြောပြီးသည်နှင့်ပြေးထွက်သွားသည်။ ညှို့မာန်ပြင်းရယ်သံကတော့ အခန်းထဲတွင် လွင့်ပျံ့ လျက်။

****